# ဓမ္မခန္ဓာ (၆၀) စစ်ဆေးခံရသည့် သူမ (အလ် မွန်မ်တဟိနာဟ်)

ဥဒဏ်စဥ်ကိန်းဝပ်ပေးမှု အမှတ်စဥ် (၉၁)၊ သုတ်ဒေသနာ (၁၃)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်—၁း၁

| | |
|---|---|
| ၁။ | **يَا أَيُّهَا الَّذِينَ آمَنُوا لَا تَتَّخِذُوا عَدُوِّي وَعَدُوَّكُمْ أَوْلِيَاء تُلْقُونَ إِلَيْهِم بِالْمَوَدَّةِ وَقَدْ كَفَرُوا بِمَا جَاءكُم مِّنَ الْحَقِّ يُخْرِجُونَ الرَّسُولَ وَإِيَّاكُمْ أَن تُؤْمِنُوا بِاللَّهِ رَبِّكُمْ إِن كُنتُمْ خَرَجْتُمْ جِهَادًا فِي سَبِيلِي وَابْتِغَاء مَرْضَاتِي تُسِرُّونَ إِلَيْهِم بِالْمَوَدَّةِ وَأَنَا أَعْلَمُ بِمَا أَخْفَيْتُمْ وَمَا أَعْلَنتُمْ وَمَن يَفْعَلْهُ مِنكُمْ فَقَدْ ضَلَّ سَوَاء السَّبِيلِ ۞**<br>အို ယုံကြည်သော သူတို့၊ ငါအရှင်၏ ရန်သူများ သင်တို့၏ ရန်သူများအား ကွပ်ကဲသူအဖြစ် မယူမှတ်ကြလင့်၊ သင်တို့ထံသို့ ရောက်ရှိလာသော သစ္စာတရားကို ဖုံးကွယ်ပစ်လျှက် သင်တို့သည် ပရမတ်ဘုရားရှင်၊ ကံကြမ္မာရှင်အား ယုံကြည်ခြင်းကြောင့် ဥဒဏ်စဥ်တော်ဆောင်နှင့် သင်တို့ကိုယ်တိုင်အား မောင်းထုတ်ခဲ့သော သူတို့အား ချစ်ခင်မှုကို ကမ်းလှမ်းကြမည်လော။ သင်တို့သည် ငါအရှင်၏ လမ်းစဥ်တော်၌ ရုန်းကန်လှုပ်ရှားရန် ထွက်ခွာခဲ့ကြ၍ ငါအရှင်၏ ကြေနပ်နှစ်သက်မှုကို ရှာမှီးကြပါလျှက် သူတို့အား ကြိတ်၍ ချစ်ခင်နေဦးမည်လော။ ငါအရှင်သည် သင်တို့၏ ထိန်ဝှက်ထားရာ ဖွင့်ဟဝန်ခံရာများကို ကုန်စင်သိနေ၏၊ သင်တို့အနက် ထိုသို့ကျင့်ကြံသောသူသည် ပေါ်လွင်ထင်ရှားသော လမ်းစဥ်မှ မုချ လွဲချော်သူ ဖြစ်၏။[၁၀၄၇] |
| ၂။ | **إِن يَثْقَفُوكُمْ يَكُونُوا لَكُمْ أَعْدَاء وَيَبْسُطُوا إِلَيْكُمْ أَيْدِيَهُمْ وَأَلْسِنَتَهُم بِالسُّوءِ وَوَدُّوا لَوْ تَكْفُرُونَ ۞**<br>သူတို့သည် သင်တို့ထက် အရေးသာလျှင် သင်တို့အား ရန်မူတိုက်ခိုက်လတ္တံ့၊ သင်တို့အပေါ်သို့ သူတို့၏ လက်များ၊ နှုတ်လျှာများဖြင့် စီးမိုးလတ္တံ့၊ သင်တို့အား ဖုံးကွယ်မှောင်ချသူများ ဖြစ်စေလိုကြ၏။ |
| ၃။ | **لَن تَنفَعَكُمْ أَرْحَامُكُمْ وَلَا أَوْلَادُكُمْ يَوْمَ الْقِيَامَةِ يَفْصِلُ بَيْنَكُمْ وَاللَّهُ بِمَا تَعْمَلُونَ بَصِيرٌ ۞**<br>သင်တို့၏ ဆွေကြေးများ၊ သင်တို့၏ သားသမီးများသည် သင်တို့အတွက် အကျိုးရှိစေမည် မဟုတ်ချေ။ ရပ်တည်မြဲမြံရသော နေ့ကာလ၌ သင်တို့၏ကြား အဖြေမှန် ချမှတ်လတ္တံ့။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို မြင်သိနေတော်မူ၏။ |
| ၄။ | **قَدْ كَانَتْ لَكُمْ أُسْوَةٌ حَسَنَةٌ فِي إِبْرَاهِيمَ وَالَّذِينَ مَعَهُ إِذْ قَالُوا لِقَوْمِهِمْ إِنَّا بُرَاء مِنكُمْ وَمِمَّا تَعْبُدُونَ مِن دُونِ اللَّهِ كَفَرْنَا بِكُمْ وَبَدَا بَيْنَنَا وَبَيْنَكُمُ الْعَدَاوَةُ وَالْبَغْضَاء أَبَدًا حَتَّى تُؤْمِنُوا بِاللَّهِ وَحْدَهُ إِلَّا قَوْلَ إِبْرَاهِيمَ لِأَبِيهِ لَأَسْتَغْفِرَنَّ لَكَ وَمَا أَمْلِكُ لَكَ مِنَ اللَّهِ مِن شَيْءٍ رَّبَّنَا عَلَيْكَ تَوَكَّلْنَا وَإِلَيْكَ أَنَبْنَا وَإِلَيْكَ الْمَصِيرُ ۞**<br>သင်တို့အတွက် အကောင်းဆုံး နမူနာတစ်ခု ရှိသည်မှာ— အီဗရာဟီးမ်နှင့် သူနှင့် အတူရှိသူတို့ ဖြစ်၏။ သူတို့က |

(၁၀၄၇) ဤသုတ်တော်တွင် အစ္စလာမ် သာသနာဝင်များ အတွက် ချစ်ခင်နှစ်သက်စွာ မပေါင်းသင်းရဟု တားမြစ်ထားသော သူများမှာ မူဆလင်မဟုတ်သူ အားလုံးကို မဆိုလိုပေ။ မိမိ၏ ဘာသာတရားကို လွတ်လပ်စွာ ယုံကြည်ခွင့်မပြုသော တဖက်သတ် ရန်ရှာသူများကိုသာ ဆိုလိုပေသည်။ ထိုအကြောင်းကို သုတ်တော် ၈ နှင့် ၉ တွင် အတိအကျ ပြဌာန်းထားပေသည်။

| | |
|---|---|
| | သူတို့၏ လူမျိုးအား “သင်တို့နှင့် ဖြစ်စေ၊ ပရမတ်ဘုရားရှင်အား ဂုဏ်ပြိုင်လျက် သင်တို့ ကိုးကွယ်သည့် အရာများနှင့် ဖြစ်စေ ကျွန်ုပ်တို့ ကင်းရှင်း၏၊ ကျွန်ုပ်တို့သည် ပယ်ရှားလိုက်ပြီ။ သင်တို့သည် ပရမတ်ဘုရားရှင်အား တစ်ဆူတည်း သီးသန့် မယုံကြည် သ၍ သင်တို့နှင့် ကျွန်ုပ်တို့၏ကြား၌ ရန်စ အာဃာတသာ ထကြွနေလတ္တံ့၊”ဟု ပြောဆို၏။ အီဗရာဟီးမ်က သူ၏ ဖခင်အား “ကျွန်ုပ်သည် သင့်၏ လွတ်ငြိမ်းခွင့်ကိုပန်ခဲ့၏၊ သို့သော် ပရမတ်ဘုရားရှင်အား ဂုဏ်ပြိုင်၍ သင့်အား အာဏာ သက်နိုင်ခြင်း ကျွန်ုပ်တွင် စိုးစဉ်းမျှ မရှိပါ၊”ဟု ဆိုခြင်းသည် သီးခြား ဖြစ်၏။ သူတို့က “အို ကံကြမ္မာရှင် တပည့်တော်တို့သည် အရှင့်အား ခိုကိုးပါ၏၊ အရှင့်ထံသို့သာ တပည့်တော်တို့၏ နောက်ဆုံးပန်းတိုင် ဖြစ်ပါ၏၊– |
| ၅။ | رَبَّنَا لَا تَجْعَلْنَا فِتْنَةً لِّلَّذِينَ كَفَرُوا وَاغْفِرْ لَنَا رَبَّنَا إِنَّكَ أَنتَ الْعَزِيزُ الْحَكِيمُ ۝<br>–အို ကံကြမ္မာရှင် တပည့်တော်တို့အား ဖုံးကွယ်သော သူတို့၏ စီရင်ခြင်းမှ ကင်းစေတော်မူပါ။ တပည့်တော်တို့အား လွတ်ငြိမ်းစေတော်မူပါ၊ အို ကံကြမ္မာရှင် အရှင်သည်သာ ဘုန်းတော်ရှင် ဓမ္မသတ်ရှင် ဖြစ်ပါ၏၊”ဟု ရင့်ကျူး၏။ |
| ၆။ | لَقَدْ كَانَ لَكُمْ فِيهِمْ أُسْوَةٌ حَسَنَةٌ لِمَن كَانَ يَرْجُو اللَّهَ وَالْيَوْمَ الْآخِرَ وَمَن يَتَوَلَّ فَإِنَّ اللَّهَ هُوَ الْغَنِيُّ الْحَمِيدُ ۝<br>သင်တို့အတွက် သူတို့ထဲ၌ အကောင်းဆုံး နမူနာ မုချ ရှိနေ၏။ ပရမတ်ဘုရားရှင်နှင့် နောင်ဘဝ နေ့ကာလအား မျှော်ကိုးသူတို့ အတွက်ပင် ဖြစ်၏။ ဦးလှည့်သွားသူတို့– ကေနိပင် ပရမတ်ဘုရားရှင်သည် ကုံလုံပြည့်စုံ၏၊ ရည်သန် စူးစိုက်မှု တည်ရာ ဖြစ်၏။ |
| ၇။ | عَسَى اللَّهُ أَن يَجْعَلَ بَيْنَكُمْ وَبَيْنَ الَّذِينَ عَادَيْتُم مِّنْهُم مَّوَدَّةً وَاللَّهُ قَدِيرٌ وَاللَّهُ غَفُورٌ رَّحِيمٌ ۝<br>ပရမတ်ဘုရားရှင်သည် သင်တို့နှင့် သင်တို့အား ရန်မူသူတို့၏ ကြားတွင် ချစ်ခင်ခြင်းကို စီရင်ကောင်းနိုင်၏။ ပရမတ်ဘုရားရှင်သည်ကား စည်းချိန်ချမှတ်သော အရှင် ဖြစ်၏။ ပရမတ်ဘုရားရှင်သည်ကား လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၈။ | لَا يَنْهَاكُمُ اللَّهُ عَنِ الَّذِينَ لَمْ يُقَاتِلُوكُمْ فِي الدِّينِ وَلَمْ يُخْرِجُوكُم مِّن دِيَارِكُمْ أَن تَبَرُّوهُمْ وَتُقْسِطُوا إِلَيْهِمْ إِنَّ اللَّهَ يُحِبُّ الْمُقْسِطِينَ ۝<br>ပရမတ်ဘုရားရှင်သည် သင်တို့အား သာသနာရေးကြောင့် မတိုက်ခိုက်သောသူ၊ သင်တို့၏ အိမ်ဂေဟာများမှ မနှင်ထုတ်သော သူများအတွက် တားမြစ်တော်မမူချေ။ သူတို့အား ချစ်ခင်မြတ်နိုးအပ်၏၊ သူတို့အပေါ်၌ သမာသမတ်ရှိကြလော့၊ ကေနိပင် ပရမတ်ဘုရားရှင်သည် သမာသမတ်ကျသူတို့အား နှစ်သက်တော်မူ၏။ |
| ၉။ | إِنَّمَا يَنْهَاكُمُ اللَّهُ عَنِ الَّذِينَ قَاتَلُوكُمْ فِي الدِّينِ وَأَخْرَجُوكُم مِّن دِيَارِكُمْ وَظَاهَرُوا عَلَى إِخْرَاجِكُمْ أَن تَوَلَّوْهُمْ وَمَن يَتَوَلَّهُمْ فَأُوْلَئِكَ هُمُ الظَّالِمُونَ ۝<br>သင်တို့အား သာသနာရေးကြောင့် စစ်တိုက်သောသူ၊ သင်တို့၏ အိမ်ဂေဟာများမှ နှင်ထုတ်သော သူ၊ သင်တို့အား မောင်းထုတ်သော အခါ ကျောထောက်နောက်ခံ ပြုသူတို့ကိုသာ သင်တို့၏ ကွပ်ကဲသူ ပြုခြင်းမှ တားမြစ်တော်မူ၏။ သူတို့အား ကွပ်ကဲသူပြုသော သူ၊ ထိုသူတို့သည် အမိုက်ကောင်များ ဖြစ်ကြ၏။ |
| ၁၀။ | يَا أَيُّهَا الَّذِينَ آمَنُوا إِذَا جَاءكُمُ الْمُؤْمِنَاتُ مُهَاجِرَاتٍ فَامْتَحِنُوهُنَّ اللَّهُ أَعْلَمُ بِإِيمَانِهِنَّ فَإِنْ عَلِمْتُمُوهُنَّ مُؤْمِنَاتٍ فَلَا تَرْجِعُوهُنَّ إِلَى الْكُفَّارِ لَا هُنَّ حِلٌّ لَّهُمْ وَلَا هُمْ يَحِلُّونَ لَهُنَّ وَآتُوهُم مَّا أَنفَقُوا وَلَا جُنَاحَ عَلَيْكُمْ أَن تَنكِحُوهُنَّ إِذَا آتَيْتُمُوهُنَّ أُجُورَهُنَّ وَلَا تُمْسِكُوا بِعِصَمِ الْكَوَافِرِ وَاسْأَلُوا مَا أَنفَقْتُمْ وَلْيَسْأَلُوا مَا أَنفَقُوا ذَلِكُمْ حُكْمُ اللَّهِ يَحْكُمُ بَيْنَكُمْ وَاللَّهُ عَلِيمٌ حَكِيمٌ ۝ |

| | |
|---|---|
| | အို ယုံကြည်သော သူတို့၊ ယုံကြည်သူမတို့သည် သင်တို့ထံသို့ ထွက်ပြေး ရောက်ရှိခဲ့သော်၊ သူတို့အား စီစစ်သင့်၏။ ပရမတ်ဘုရားရှင်သည် သူမတို့၏ ယုံကြည်ချက်ကို သိနေတော်မူ၏။ သူမတို့သည် ယုံကြည်သောသူမများ ဖြစ်သည်ဟု သင်တို့ တပ်အပ်သိကြလျှင် သူမတို့အား ဖုံးကွယ်သူများထံသို့ ပြန်မနှင်ကြလင့်၊ သူမတို့သည် သူတို့အတွက် တရားဝင်မဟုတ်ချေ။ သူတို့သည်လည်း သူမတို့အတွက် တရားဝင် မဟုတ်တော့ချေ။ သူတို့ ကုန်ကျခဲ့သည်များကို ပြန်ပေးလိုက်ကြလော့၊[၁၀၄၈] သူမတို့အား အကျိုးခံစားခွင့် လက်ဆောင်ပေး၍ သိမ်းဆည်းလိုက်ခြင်းသည် သင်တို့၌ အပြစ်မထိုက်ချေ။ သစ္စာဖေါက်သော သူမတို့အား ဆက်လက် နှောင်ဖွဲ့ မနေကြလင့်၊ သင်တို့ ကုန်ကျသုံးစွဲခဲ့သည်များကို ပြန်တောင်းကြလော့၊ သူတို့ ကုန်ကျသုံးစွဲခဲ့သည်များကိုလည်း ပြန်တောင်းစေလော့။[၁၀၄၉] ဤသည် ပရမတ်ဘုရားရှင်၏ ဓမ္မသတ်ပင် ဖြစ်၏။ အရှင်သည် သင်တို့၏ကြား၌ ဓမ္မသတ်ချမှတ်တော်မူ၏။ ပရမတ်ဘုရားရှင်သည်ကား သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၁၁။ | **وَإِن فَاتَكُمْ شَيْءٌ مِّنْ أَزْوَاجِكُمْ إِلَى الْكُفَّارِ فَعَاقَبْتُمْ فَآتُوا الَّذِينَ ذَهَبَتْ أَزْوَاجُهُم مِّثْلَ مَا أَنفَقُوا وَاتَّقُوا اللَّهَ الَّذِي أَنتُم بِهِ مُؤْمِنُونَ۞**<br>အကယ်၍ သင်တို့၏ ပေါင်းဖေါ်များမှ ဖုံးကွယ်သူများထံသို့ တစ်စုံတစ်ရာ ပေးကမ်းခဲ့၍၊ သင်တိုအား အလှည့် ပြန်ပေးခဲ့သော်၊ ကြင်ဖေါ် ထွက်သွားခဲ့သောသူအတွက် သူမတို့အား သူတို့ ပေးကမ်းကုန်ကျခဲ့သည်များကို ပြန်လည် ပေးအပ်စေလော့။ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ အရှင်သည် သင်တို့ ယုံကြည်အပ်သည့် အရှင် ဖြစ်၏။ |
| ၁၂။ | **يَا أَيُّهَا النَّبِيُّ إِذَا جَاءَكَ الْمُؤْمِنَاتُ يُبَايِعْنَكَ عَلَى أَن لَّا يُشْرِكْنَ بِاللَّهِ شَيْئًا وَلَا يَسْرِقْنَ وَلَا يَزْنِينَ وَلَا يَقْتُلْنَ أَوْلَادَهُنَّ وَلَا يَأْتِينَ بِبُهْتَانٍ يَفْتَرِينَهُ بَيْنَ أَيْدِيهِنَّ وَأَرْجُلِهِنَّ وَلَا يَعْصِينَكَ فِي مَعْرُوفٍ فَبَايِعْهُنَّ وَاسْتَغْفِرْ لَهُنَّ اللَّهَ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ۞**<br>အို သတင်းတော်ဆောင်၊ ယုံကြည်သူမတို့သည် သင့်ထံသို့ ရောက်ရှိလာခဲ့လျှင်၊ သင့်ထံ၌ "ကျွန်ုပ်တို့သည် ပရမတ်ဘုရားရှင်နှင့် ရောပြွန်းကိုးကွယ်ခြင်း မပြုပါ၊ ခိုးဝှက်ခြင်း မပြုပါ၊ ကာမေသုမှ မကျူးလွန်ပါ၊ သားသမီး ရတနာများကို မသတ်ဖြတ်ပါ၊ မိမိကိုယ် မိမိ လုပ်ကြံ၍ သိက္ခာကျစရာ မဟုတ်အမှန် ဆောင်ကြဉ်း ပြောဆိုခြင်းမပြုပါ၊ တရားမျှတမှု၌ အသင့်ကို အာ–မခံပါ၊"ဟူသော ကတိသစ္စာဖြင့် ကတိသစ္စာ ပြုစေ၍၊ သူမတို့အတွက် ပရမတ်ဘုရားရှင်ထံ၌ လွတ်ငြိမ်းဆုကို တောင်းပေးလော့။ ဧကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်၏။ |
| ၁၃။ | **يَا أَيُّهَا الَّذِينَ آمَنُوا لَا تَتَوَلَّوْا قَوْمًا غَضِبَ اللَّهُ عَلَيْهِمْ قَدْ يَئِسُوا مِنَ الْآخِرَةِ كَمَا يَئِسَ الْكُفَّارُ مِنْ أَصْحَابِ الْقُبُورِ۞**<br>အို ယုံကြည်သော သူတို့၊ ပရမတ်ဘုရားရှင်က ကံကြီးသင့်စေသော လူမျိုးအား ကွပ်ကဲသူ မဖြစ်စေလင့်၊ သူတို့သည် သုတ်သန်တစမှ အဖေါ်တို့ အတွက် ဖုံးကွယ်သူတို့ စိတ်ပျက်ခြင်းမျိုးဖြင့် နောင်ဘဝ၌ စိတ်ပျက်ရကြလတ္တံ့။ |

---

**(၁၀၄၈)** ဤသည် စစ်ပွဲကာလတွင် ဖြစ်ပေသည်။ စစ်ပွဲကာလ ဖြစ်သည့်တိုင် အစ္စလာမ် သာသနာသည် မတရား အနိုင်ယူမှုကို တားမြစ်ထားပေသည်။ ရန်သူဘက်မှ အမျိုးသမီးသည် မိမိဘက်သို့ ခိုလှုံလာလျှင် သူမအား ပြန်ပို့ခြင်းသည် ညှင်းပန်းနှိပ်စက်ခံရရန် ငရဲပြည်သို့ ပြန်ပို့ခြင်းကဲ့သို့သာ ဖြစ်ပေမည်။ ထို့ကြောင့် သူမတို့အား အမှန်တကယ် ဘက်ပြောင်း ယုံကြည်ခြင်း ဟုတ်မဟုတ်ကို သေချာစွာ စစ်ဆေးမေးမြန်းခိုင်းခြင်း ဖြစ်ပေသည်။ အကယ်၍ ဘက်ပြောင်းလာသူ သေချာပါက၊ သူမတို့တွင် လင်ယောကျ်ားများရှိက ထိုလင်ယောကျ်ားတို့အား သူမတို့အတွက် ကုန်ကျခဲ့သည့် အိမ်ထောင်ဖွဲ့မှုအတွက် ကုန်ကျစားရိတ်များကို ပြန်ပေးရမည်ဟု သမာသမတ်ကျစွာ ပညတ်ထားပေသည်။ စစ်သုံ့ပန်းအား မတော်မတရား သိမ်းပိုက်ခွင့် မရှိကြောင်းကို ဤဥပဒေက အတိတကျ ပြဋ္ဌာန်းထားပေသည်။

**(၁၀၄၉)** အထက်ပါ ဥပဒေသည် တဘက်သတ် မဟုတ်ကြောင်းကို ဆက်လက်ပါ ဤဥပဒေမှ ဆက်လက် ခိုင်မာစေပေသည်။ အကယ်၍ မိမိဘက်မှ သူတစ်ဦးသည် သစ္စာဖေါက်၍ ရန်သူဘက်သို့ ဝင်ရောက်သွားလျှင်လည်း ထိုသူမမှ ယုံကြည်သူအတွက် တရားမဝင်တော့ချေ။ သူမအတွက် ကုန်ကျခဲ့သည်များကို ပြန်တောင်းခွင့်ရှိ၍၊ သူမအား လွတ်လပ်စွာ ဆုံးဖြတ်ခွင့် ပေးလိုက်ရပေမည်။